သိမှတ်ဖွယ်ရာ
အင်္ဂလိပ်စာ
အသုံးအနှုန်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အခန်း ၁ သဒ္ဒါအင်္ဂါများ လျှော့ချနည်းနှင့်
အလွယ်အနက်ကောက်နည်းများ

အခန်း ၂ သတိချပ်ရန်လိုသော ပုဒ်ဖြတ်၊
ပုဒ်ရပ်သင်္ကေတများ

အခန်း ၃ အနက်ထွေပြားတတ်သော ဝါကျများ

ခန်း ၄ ဘာသာပြန်ဆရာတို့ မနိုင်တတ်သော
တင်စားဆိုစကားများ

ခန်း ၅ အနက်သဘာဝကိုပြသော စကားလုံးများ

ခန်း ၆ လမ်းသုံးစကားများ

ခန်း ၇ ရုံးသုံးစကားများ

န်း ၈ အင်္ဂလိပ်စာထဲက တိုင်းတစ်ပါးစကားများ

န်း ၉ မြန်မာစာထဲက အင်္ဂလိပ်စကားလုံးများ

န်း ၁၀ အနက်အဓိပ္ပါယ်လွဲစေသော စကားလုံးများ

သိမှတ်ဖွယ်ရာ
အင်္ဂလိပ်စာ
အသုံးအနှုန်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mmm0026
1200.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

၈၀၈.၈၃

သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအသုံးအနှုန်းများ
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄၊
တမျက်နှာ ၈၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအသုံးအနှုန်းများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ အသုံးအနှုန်းများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

❖ စကားဦး

၁။ အခန်း ၁ သဒ္ဒါအင်္ဂါများ လျှော့ချနည်းနှင့် အလွယ်အနက်ကောက်နည်းများ ၃

၂။ အခန်း ၂ သတိချပ်ရန်လိုသော ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများ ၁၁

၃။ အခန်း ၃ အနက်ထွေပြားတတ်သော ဝါကျများ ၂၁

၄။ အခန်း ၄ ဘာသာပြန်ဆရာတို့ မနိုင်တတ်သော တင်စားဆိုစကားများ ၃၂

၅။ အခန်း ၅ အနက်သဘာဝကိုပြသော စကားလုံးများ ၄၁

၆။ အခန်း ၆ လမ်းသုံးစကားများ ၅၁

၇။ အခန်း ၇ ရုံးသုံးစကားများ ၆၂

၈။ အခန်း ၈ အင်္ဂလိပ်စာထဲက တိုင်းတစ်ပါးစကားများ ၇၂

၉။ အခန်း ၉ မြန်မာစာထဲက အင်္ဂလိပ်စကားလုံးများ ၇၇

၁၀။ အခန်း ၁၀ အနက်အဓိပ္ပါယ်လွှဲစေသော စကားလုံးများ ၈၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စကားဦး

သဒ္ဒါဆိုသည်မှာ ဆိုလိုသည့် အဓိပ္ပါယ်ရောက်အောင် ပြောဆိုသောစကား၏ အစိတ်အပိုင်းဟု ဆိုကြသည်။ သဒ္ဒါမကျ စာမတတ်ဟု ဆိုရိုးရှိကြသည်။ သို့သော် လူတို့သည် ရှေးအတီတေ ကာလကတည်းကပင် နားလည်လျှင်ပြီးရော သဘောမျိုးဖြင့် သဒ္ဒါကိုပင် မငဲ့မကွက်ဘဲ စကားပြောဆိုခဲ့ကြသည်။ မျက်မှောက်ကာလ အင်တာနက်ခေတ်ကာလမှာလည်း လိုတိုရှင်း သဘောပေါက်ရန် ပဓာနထား ပြောဆိုကြသည်။ ဤစကား အသုံးအနှုန်းတို့က စာထဲသို့ စူးဝင်နေကြသည်။ ဤအရေးတို့ကြောင့် စာတို့ဘဝ ပျက်နေသည်ဟု ယူဆသူတို့ ရှိသလို တိုး၍ ထက်မြက်နေသည်ဟု ခံယူသူတို့လည်း ရှိကြသည်။

တစ်ဦးနှင့်တစ်ယောက် စကားဆက်သွယ်ပြောဆိုသည့် အဓိကအကြောင်းတရားမှာ သူသဘော ကိုယ့်သဘော အပြန်အလှန် နားလည်သိရှိစေရန်သာဖြစ်သည်။ သဒ္ဒါစည်းကမ်း စောင့်ထိန်းသည့်တိုင်အောင် တစ်ဘက်လူ သို့မဟုတ် အများနားမလည်လျှင် ရသဂုဏ်မမြောက်သော စကား၊ သဒ္ဒါစည်းကမ်း ဖောက်ဖျက်သည့်တိုင်အောင် အများနားလည်

mgyoe.com

mgyoe.com

လျှင် ရသဂုဏ်မြောက်သော စကားဟုပင် ယူဆရမည်။ ဤစာစုတွင် ရသဂုဏ်ပျက်ရသော စကား၊ စာအချို့ကို သုံးသပ်ဆန်းစစ်ထားပါသည်။ ထိုစာ၊ စကားတို့၏ ဖြစ်စဉ်နှင့် သဘာဝတို့ကို ထောက်ပြထားပါသည်။ စာတစ်ကြောင်း၊ ပေတစ်ပုဒ် လွယ်ကူစွာ နားလည်ရေးအတွက် လိုအပ်ချက်များကို ညွှန်ပြထားပါသည်။

■

mgyoe.com

mgyoe.com

အခန်း (၁)

သဒ္ဒါအင်္ဂါများ လျှော့ချနည်းနှင့် အလွယ်အနက်ကောက်နည်း

ပန်းထိမ်မတတ်ခင် ရွှေခိုးချင်၍မရချေ။ ချော်လဲရောထိုင်ချင် လျှင်ပင် ထိုင်ပုံဖော်နိုင်အောင် အလိုက်သင့်ချော်လဲတတ်ရန် လိုအပ်သည်။ မိမိ မည်သို့ပြောဆိုသည်ပင်ဖြစ်စေ တစ်ဘက်သူ နားလည်သဘောပေါက် စေရန် မည်သည့်စကားလုံးကို ကောက်၊ မည်သည့်စကားလုံးကို လျစ်လျူရှု နိုင်ကြောင်း သိနားလည်ရန် လိုအပ်သည်။

She is in love with him.

၎င်းဝါကျတွင် subject, predicate ပါရှိသည်။ Pronoun များ ပါရှိသည်။ Verb များ ပါရှိသည်။ Conjunction ပါရှိသည်။ Preposition ပါရှိသည်။ Noun ပါရှိသည်။ ပို၍သဲကွဲစေရန် ဝါကျကို ပိုင်းပြပါမည်။

She	is	in	love	with	him
Pronoun	Verb	Preposition	Noun	Conjunction	Pronoun

သဒ္ဒါစည်းများ ထုံးတို့ကာမှ မျက်စေ့ရှုပ်စရာဖြစ်သွားသည်က အမှန်ပင်။ လောကဖြစ်စဉ် အရပ်ရပ်တွင် ပြုသူ၊ အပြုခံရသူ၊ ဖြစ်မှု၊

mgyoe.com

mgyoe.com

အဖြစ်ခံရမှု၊ ပြုမှု၊ ပြုသူသာရှိသည်ကို ယေဘုယျ သဘောပေါက်ရန် လိုအပ်သည်။ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောရလျှင် ----------

ဤဝါကျတွင် ပြုသူက She, အပြုခံရသူက him ဖြစ်သည်။ ပြုသည့်အချက်က love ချစ်ခြင်း၊ ချစ်မှုကို ပြုခြင်းဖြစ်သောကြောင့် Verb - is ကို love နှင့်ချိတ်၍ loves ဟုသုံးလျှင် အောက်ပါအတိုင်းဖြစ်မည်။

She loves him.

အထက်တွင် ဖော်ပြခဲ့သော ဝါကျနှင့် ပြန်လည်နှိုင်းယှဉ် ကြည့်ပါမည်။

She is in love with him.

သူမ သူ့ကို ချစ်နေသည်။

သို့မဟုတ်

သူ့ကို သူမ ချစ်နေသည်။

She loves him

သူမ သူ့ကို ချစ်သည်။

သို့မဟုတ်

သူ့ကို သူမ ချစ်သည်။

၈။ ဤဝါကျနှစ်ရပ်ကို ဆန်းစစ်ရာတွင် တစ်ခုက ဖြစ်တည်နေမှု ပြည့်စုံသော [illegible] လုံးဖြစ်သော 'နေ' ကို သုံးနှုန်းထားသည်ကိုသာ တွေ့ရမည်။ သူမ သူ့ကို ချစ်သည်နှင့် [illegible] ချစ်နေသည်ကား ထူးမခြားနား သဘာဝပင် ရှိမည်။ ဤဒုတိယဝါကျတွင် Preposition နှင့် Conjunction တို့ မပါဝင်သော်လည်း အဓိပ္ပာယ်မခြားနား၊ အနက်တူ [illegible] တွေ့ရမည်။ ရိုးရိုးရှင်းရှင်း [illegible] ဝါကျ [illegible] [illegible] နှစ်ရပ်ကို [illegible] အဓိပ္ပာယ်ကို မထိခိုက်၊ [illegible] ဤနေရာတွင် [illegible] အချက်တစ်ခုရှိ

mgyoe.com

mgyoe.com

သည်။ သမားရိုးကျ စာပေဂုဏ်ပေတံဖြင့် တိုင်းတာလျှင် She is in love with him သည် စာအမျိုးအစားရော စကားအမျိုးအစားပါ ပါဝင်သည်။ She loves him သည် စကားအမျိုးအစားသာ ဝင်သည်။ သို့သော် မျက်မှောက်ကာလ အမေရိကန်စာပေနှင့် အရှေ့တိုင်းသုံး အင်္ဂလိပ်စာပေတို့တွင် ဤ အသုံးအနှုန်းကို 'စာ'အဖြစ် မြင်နေရသည်။

အောက်တွင်ဖော်ပြထားသော ဝါကျကို ကြည့်ပါ။

The most closely guarded trade secret ever, measured by how long it was kept a secret, was the Chinese invention of the manufacture of silk.

ဝါကျကို ဘာသာပြန်ဆိုလျှင် အောက်ပါအတိုင်းဖြစ်မည် -

မည်မျှ ကြာမြင့်စွာ လျှို့ဝှက်ထားနိုင်ခဲ့သည့် အချက်ပေါ် မူတည်၍ ဆန်းစစ်၊ မှတ်ကျောက်တင်မှု ပြုပါလျှင် အတင်းကြပ်ဆုံး စောင့်ထိန်းထားနိုင်ခဲ့သော လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်သည် တရုတ်လူမျိုးတို့၏ ပိုးထည်ထုတ်လုပ်နည်း တီထွင်မှုပင် ဖြစ်သည်။

ထိုစာပိုဒ်၏ ဆိုလိုချက်ကို အောက်ပါအတိုင်း ဤသို့ ပြန်လည်ဖွဲ့စည်းနိုင်သည်။

The Chinese invention of silk manufacturing was the longest and most closely guarded secret.

တရုတ်လူမျိုးတို့၏ ပိုးထည်ထုတ်လုပ်နည်း တီထွင်ချက်သည် အကြာမြင့်ဆုံးနှင့် အတင်းကြပ်ဆုံး စောင့်ထိန်းထားနိုင်ခဲ့သော လျှို့ဝှက်ချက်ဖြစ်သည်။

ဤသည်ကို ထပ်ဆင့်ချုံ့ပစ်၍ရသည်။

Chinese silk manufacturing was the longest and most closely guarded secret.

တရုတ်ပိုးထည် ထုတ်လုပ်မှုသည် အကြာမြင့်ဆုံးနှင့် အတင်းကြပ်ဆုံး စောင့်ထိန်းခဲ့သော လျှို့ဝှက်ချက် ဖြစ်သည်။

mgyoe.com

mgyoe.com

အထက်ပါ စာပိုဒ်များကို နှိုင်းယှဉ်ကြည့်ပါလျှင် စာလုံး ၂၅ လုံးပါရှိသော စာပိုဒ်တစ်ပိုဒ်ကို စာလုံး ၁၁ လုံးမျှ လျှော့ချလိုက်လျှင်လည်း အဓိပ္ပာယ်မယွင်းမပျက်ရုံသာမက စာသဘာဝမှ ကင်းလွတ်သွားခြင်းမရှိသည်ကို တွေ့ရမည်။

စာ သို့မဟုတ် စကားတစ်ခုကို ရှည်ရှည်ဝေးဝေး သို့မဟုတ် တိုတိုတုတ်တုတ် ရေးသားပြောဆိုခြင်းတို့သည် စာရေးသူ သို့မဟုတ် စကားပြောဆိုသူ၏ ဝသီပေါ်တွင် မူတည်သည်။ သဒ္ဒါအင်္ဂါရပ် ပေါင်းစုံဖြင့် ခြုံပန်းခြုံနွယ်တက်ခြင်း မတက်ခြင်း၊ ရိုးစင်းခြင်းက ကာယကံရှင်၏ ပညာသာဖြစ်သည်။ တစ်ဘက်လူမှာမူ ထိုအမွှမ်းအမံများကြားမှ ဆိုလိုရင်းကို ကောက်ယူရရှိသည်။

အောက်ပါဝါကျများကိုကြည့်ပါ။

Chinese silk manufacturing was the longest and most closely guarded secret.

တရုတ်ပိုးထည် ထုတ်လုပ်မှုသည် အကြာမြင့်ဆုံးနှင့် အတင်းကြပ်ဆုံး စောင့်ထိန်းခဲ့သော လျှို့ဝှက်ချက် ဖြစ်သည်။

Silk manufacturing was the longest and most closely guarded Chinese secret.

ပိုးထည်ထုတ်လုပ်မှုသည် တရုတ်လူမျိုးတို့၏ အကြာမြင့်ဆုံးနှင့် အတင်းကြပ်ဆုံး စောင့်ထိန်းခဲ့သော လျှို့ဝှက်ချက်ဖြစ်သည်။

The longest and most closely guarded secret was the Chinese silk manufacturing.

အကြာမြင့်ဆုံးနှင့် အတင်းကြပ်ဆုံး စောင့်ထိန်းခဲ့သော လျှို့ဝှက်ချက်မှာ တရုတ်လူမျိုးတို့၏ ပိုးထည်ထုတ်လုပ်နည်းပင်ဖြစ်သည်။

အထက်ပါ ဝါကျဖွဲ့စည်းပုံ သုံးမျိုးစလုံးသည် သဒ္ဒါအင်္ဂါများ ရှေ့နောက်လှည့်ထားသည့်တိုင်အောင် ဆိုလိုသည့် စကားအဓိပ္ပာယ် ထပ်တူပင် ဖြစ်သည်ကို တွေ့ရမည်။

mgyoe.com

mgyoe.com

ဤသည်ကိုမှ ထပ်ဆင့်ချုံ့ခြင်းတွင် အချို့စကားလုံးများ ပြောင်းလဲ၍ ချုံ့နိုင်သည်။

The longest best kept secret was Chinese silk making.

တရုတ်ပိုးထည် ထုတ်လုပ်နည်းသည် အကြာမြင့်ဆုံး ထိန်းသိမ်းနိုင်ခဲ့သော လျှို့ဝှက်ချက်ဖြစ်သည်။

အနှစ်ချုပ်လိုက်ပါလျှင် စကားလုံး ၂၅ လုံး ဝါကျကို စကားလုံး ၉ လုံးမျှသာရှိသော ဝါကျအဖြစ်သို့ အသွင်ပြောင်းလည်း ဆိုလိုရင်း မထိခိုက်သည်ကို တွေ့ရမည်။ အင်္ဂလိပ်စာလေ့လာသူတို့အတွက် retold ပြန်ပြောင်း ပြောပြအသွင် ဖွဲ့စည်းရေးသားသော စာများမှာ ဤသို့ပင် ဂန္ထဝင်စာပေ စာခန့်ကို အနှစ်ချုပ် လိုတိုရှင်း တင်ပြချက်ဖြစ်သည်။ ဝါကျရှည်၊ စာပိုဒ်ရှည်ကြီးကို ကြည့်ရုံမျှဖြင့် လိုတိုရှင်းအချက်ကို သဘောပေါက်စေနိုင်မည့်နည်းကို အောက်တွင် ဆက်လက်ကောက်ပြပါမည်။ အထက်တွင် ဖော်ပြခဲ့သော မူလစာပိုဒ်ကို ပြန်ကြည့်ပါမည်။

The most closely guarded trade secret ever, measured by how long it was kept a secret, was the Chinese invention of the manufacture of silk.

အထက်ပါဝါကျမှာ ရှည်လျားပါသော်လည်း ဝါကျတွင် သုံးထားသည့် စကားလုံးများသည် အထက်တန်းကျောင်းသားတစ်ဦး အလွယ်တကူ နားလည်နိုင်သော စကားလုံးများဖြစ်သည်။

most - အများဆုံး	closely - နီးကပ်စွာ
guarded- စောင့်ကြည့်လျက်	trade - ကုန်သွယ်ရေး
secret - လျှို့ဝှက်ချက်	ever - အမြဲ
how - မည်မျှ	by - ဖြင့်
kept - ထားသည်	long - ရှည်ကြာစွာ
invention - တီထွင်မှု	Chinese - တရုတ်လူမျိုး

mgyoe.com

mgyoe.com

silk - ပိုးထည် manufacture - ထုတ်လုပ်မှု
measured - တိုင်းတာလျက်

တဖန် အထက်ပါ ဝါကျများကိုပင် subject / predicate ပိုင်းကြည့်ပါ။ ဆင်ခြင်ဉာဏ်သုံးကြည့်ပါ။

နီးကပ်စွာ စောင့်ကြပ်ခြင်း - closely guarded အား မည်သည့်အရာကို ပြုမည်နည်း။ ကုန်သွယ်ရေး သို့မဟုတ် စီးပွားရေးလျှို့ဝှက်ချက် - trade secret ၊ မည်မျှကြာ - how long ၊ ထားသည် - kept၊ တရုတ်လူမျိုး တီထွင်မှု -Chinese invention၊ ထုတ်လုပ်သည် - manufacture၊ ပိုးထည်ကို - of silk၊

ဤအချက်ကိုထောက်လျှင် 'တရုတ်ပိုးထည်လုပ်ငန်းသည် ကြာမြင့်စွာ ထိန်းသိမ်းစောင့်ကြပ်လာခဲ့သော လျှို့ဝှက်ချက်တစ်ခု ဖြစ်ကြောင်း အလွယ်တကူသဘောပေါက်မည်ဟု ယူဆပါသည်။ ဤ နေရာတွင် ထိုစာကို ဖတ်ရှုသူက ဗဟုသုတဓာတ်ခံလေးရှိရန်တော့ လိုမည်ဟု ထင်ပါသည်။ ဥပမာ - အနည်းဆုံး ပိုးဖဲကတ္တီပါဆိုသည်မှာ တရုတ်နိုင်ငံမှ လက်ဦးပေါ်ခဲ့သည့် ပစ္စည်းများဖြစ်သည်။ အမေရိကန်နိုင်ငံသော်လည်းကောင်း၊ ဂျပန်နိုင်ငံတွင်သော်လည်းကောင်း စက်ရုံများမှ တီထွင်ထုတ်လုပ်လိုက်သည့် နိုင်လွန်လိုပစ္စည်းများ မဟုတ်ဟု သိရန်တော့လိုမည်။ စက္ကူနှင့် သစ်ပင်မည်သို့ဆက်စပ်နေသည်ကို မသိသောလူမျိုး အလျဉ်းဖြစ်နေ၍မရချေ။ အောက်ပါစာပိုဒ်ကို ကြည့်ပါ။

"The German were pressing us hard. After a burst of highly distorted music, a voice from a German tank came out with an impassioned appeal to surrender 'if you ever want to see your loved ones again."

ဤဝါကျကို subject , predicate ပိုင်းကြည့်မည်။ ပြုသူက ဂျာမန်များ (Germans) ၊ ခံနေရသူက ကျွန်ုပ်တို့ (us) ၊ မည်သို့ပြုသနည်း။ pressing us hard - ပြင်းထန်စွာ ဖိလာသည်။

mgyoe.com

mgyoe.com

Highly distorted music - ကပေါက်တိကပေါက်ချာ ဆူဆူညံညံ ဂီတသံ။ burst – ပေါက်ပေါက်ကွဲကွဲ ပေါ်ထွက်ခြင်း၊ ဖြစ်ခြင်း။ German tank - ဂျာမန်တင့်ကားမှ ထွက်ပေါ်လာသည်။ impassioned appeal – ပြင်းထန်ထက်သန်သော သို့မဟုတ် အနူးအညွတ် ပန်ကြားမှု။ to surrender - လက်နက်ချရန်။ If you want to - ဆန္ဒရှိသေးရင်။ see your loved ones again - မင်းတို့ချစ်သူတွေကို ပြန်မြင်တွေ့လိုသော ဆန္ဒရှိလျှင်။

ဤယေဘုယျသဘောတို့ကို စုစည်းလိုက်လျှင် ဂျာမန်တို့ ပြင်းထန်စွာ ဖိတိုက်နေသည့်အချိန်တွင် တင့်ကားတစ်စီးမှ ကပေါက်တိ ကပေါက်ချာ ဂီတသံတစ်ချက် ပေါက်ပေါက်ကွဲကွဲထွက်လာပြီး 'မင်းတို့ချစ်သူကြင်သူများကို ပြန်တွေ့လိုလျှင် လက်နက်ချပါ'ဟု ထက်ထက်သန်သန် ပြောဆိုနားချသံပေါ်လာသည်။

အင်္ဂလိပ်စာ မတောက်တခေါက်နှင့် အင်္ဂလိပ်စာ လေ့လာနေဆဲ ပုဂ္ဂိုလ်များအနေဖြင့် ဤစာပိုဒ်တွင် စကားလုံး လေးလုံး၊ ငါးလုံးကို အခက်အခဲကြုံနိုင်သည်။ အဘိဓာန်ကို လှန်ကြည့်ရန် လိုကောင်းလိုမည်။ ယင်းစကားလုံးတို့မှာ distorted, burst, impassioned appeal နှင့် surrender တို့ ဖြစ်နိုင်သည်။ အင်္ဂလိပ်စာလေ့လာသော လူငယ်အတော်များများသည် အဘိဓာန်စာအုပ်ကို လှန်ရမည်ကို အလွန်ပျင်းကြသည်။ တစ်ဘက်တွင်မူ အဘိဓာန်ကို အလွတ်ရ အာဂုံဆောင်နိုင်လျှင် အင်္ဂလိပ်စကားကို ပိုင်ပြီဟု ယူဆသူတို့ ရှိကြသည်။ စာလုံးတစ်လုံးသည် သူတည်ရာ ဝါကျပေါ်မူတည်၍ အနက်တစ်မျိုး ဖြစ်သွားနိုင်သည်။ အထက်ပါဝါကျမှ ရိုးရိုးရှင်းရှင်း စကားလုံးနှစ်လုံးကို ထုတ်ပြပါမည်။

တစ်လုံးမှာ - pressing ဖြစ်သည်။ press သည် လက်ဖြင့်ဖိသည် သို့မဟုတ် အရာတစ်ခုဖြင့် ဖိသည်ဟု အဓိပ္ပာယ်ရှိသည်။ တစ်ဖန် ပုံနှိပ်သည်ဟုလည်း အဓိပ္ပာယ်ရှိသည်။ ဖိအားပေးသည် ဟူသော သဘောလည်းရှိသည်။ ထို့ကြောင့် 'Press my shirt' ဆိုလျှင် 'ငါ့အင်္ကျီကို

mgyoe.com

mgyoe.com

မီးပူတိုက်ပါ' ဖြစ်သည်။ 'Don't press me' ဆိုလျှင် 'ငါ့ကို ဖိအားမပေးနဲ့' ဖြစ်သည်။ 'I want this pressed midnight' ဆိုလျှင် 'သန်းခေါင်မှာ ဒါ ပုံနှိပ်ပြီးသား ဖြစ်စေချင်တယ်'

Hard သည် မာကြောသောဟု အဓိပ္ပာယ်ရှိသည်။ အခဲဟူသော အဓိပ္ပာယ်လည်း ရှိသည်။ hard နှင့် press ပေါင်း၍ hard press ဆိုပါလျှင် အလုပ်ပိနေသည်။ ဝန်များနေသည် သို့မဟုတ် စစ်ရေးနှင့် ပတ်သက်လျှင် ဖိတိုက်ခံနေရသည်။ ငွေကြေးနှင့် ပတ်သက်လျှင် ကြပ်တည်းနေသည်ဟု အနက်အဓိပ္ပာယ်အမျိုးမျိုး ထွက်နိုင်သည်။

ထို့ကြောင့် အဘိဓာန်ကို အလွတ်ရရုံဖြင့်လည်း စာမကျွမ်းကျင်နိုင်ချေ။ စာကို များများဖတ်ရှု၍ ထိုစာတို့ ဖွဲ့စည်းပုံကို ဂဃနဏ လေ့လာရန် လိုအပ်သည်။ တစ်နည်းပြောရလျှင် ထိုစာတို့မှ သဒ္ဒါ ဖွဲ့စည်းပုံတို့ကို သတိချပ်ရန်လိုသည်။ ထိုသို့ ပန်းထိမ်ပညာကို ကောင်းကောင်းတတ်အောင် လေ့လာပြီးမှ သဒ္ဒါစည်းကိုဖောက်လျက်၊ တစ်နည်း ရွှေခိုးမှုပြုမှ ပင် မှန်ကန်စွာ နားလည်အောင် ရေးသားပြောဆိုနိုင်မည်။

သို့သော် အထက်တွင် ထောက်ပြသကဲ့သို့ တစ်ဘက်လူ၏ ပြောကြားချက်ကို ပါးနပ်စွာ စကားကောက်တတ်ရုံမျှဖြင့် သူ့အရေး သို့မဟုတ် သူ့အပြောကို နားလည်နိုင်သည်။

mgyoe.com

mgyoe.com

အခန်း (၂)
သတိချပ်ရန်လိုသော ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတများ

အင်္ဂလိပ်ဘာသာစကားတွင် အလေးမထားကြဆုံး သဒ္ဒါလက္ခဏာတစ်ခုကား punctuation ဟု ခေါ်ဆိုသော ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများပင် ဖြစ်သည်။ ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတတစ်ခုဖြစ်သော comma (,) သင်္ကေတကို မည်သည့်အခါတွင် ချရမည်ကို မေးမြန်းခံရသောအခါတွင် အမေရိကန်နိုင်ငံ၏ နာမည်ကြီး စာရေးဆရာမကြီးတစ်ဦးနှင့် အယ်ဒီတာတစ်ဦးဖြစ်ခဲ့သူ ဒေါ်ရီသီ ပါကာက 'အသက်အောင့်ပြီး ရေးချင်တာကိုရေးချလိုက်၊ အသက် မအောင့်နိုင်တော့တဲ့အခါကျရင် ကော်မာလေးချလိုက်'ဟု ပေါ့ပျက်ပျက် ပြောခဲ့သည်။

ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများနှင့် ပတ်သက်၍ ပြောစရာအချက်ကား ထိုသင်္ကေတများ မပါဘဲလည်း စာဖတ်ရန် မခက်လှခြင်းပင်ဖြစ်သည်။ သင့်မိတ်ဆွေနှင့် သင် Internet မှ အပြန်အလှန် စာရိုက်ပို့ကြသောအခါတွင် ပုံမှန် ပုဒ်ရပ်သင်္ကေတများ မသုံးသော်လည်း တစ်ယောက်ကို တစ်ယောက် နားလည်ကြသည်မှာ အမှန်ပင်။ သို့သော် သူစိမ်းတစ်ယောက်က ဖတ်ရှုသောအခါ နားလည်ရန် လွယ်ပါမည်လားဟု

mgyoe.com

mgyoe.com

စဉ်းစားစရာဖြစ်သည်။

ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများနှင့် ပတ်သက်၍ ကိုယ့်ပင်ကိုယ် စရိုက်ပေါ်မူတည်၍ ခံစားချက်ပိုပြင်းသူများမှာ စာရေးဆရာများ ဖြစ်ကြသည်။ ကိုယ့်စာရေးဟန်ပေါ်မူတည်၍ အချို့က ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတများကို နှစ်သက်သည်။ တချို့က မုန်းတီးသည်။

၁၈ ရာစုနှစ် အမေရိကန်စာရေးဆရာ တင်မိသိဒက်စ်တာသည် ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများကို မုန်းတီးလွန်းသောကြောင့် သူရေးသား ထုတ်ဝေသည့် ဝတ္ထုစာအုပ်ထဲတွင် ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတတစ်ခုမျှ ထည့်သွင်းခြင်းမပြုခဲ့ချေ။ ထိုစာအုပ် နောက်ပိုင်းတွင်သာ အချပ်ပိုအဖြစ် full stop များနှင့်၊ comma များ ပြည့်နေသော သီးခြားစာမျက်နှာ တစ်ရွက်ကို ထည့်သွင်းပေးလိုက်သည်။ ထိုသင်္ကေတများကို အလုပ်ရှုပ်ခံ၊ သူကိုယ်တိုင် ထည့်သွင်းပေးမနေနိုင်ပါသောကြောင့် စာဖတ်သူတို့ အစား အသောက် စားသုံးသည့်အခါ ဆားဖြူး၊ ငရုတ်ကောင်းဖြူး သကဲ့သို့ လို သလို ဖြူးသုံးပါဟုလည်း ဆိုညွှန်းလိုက်သည်။

၁၇ ရာစုနှစ် စာရေးဆရာကြီး ဘင်ဂျွန်ဆန်ကမူ သူနှင့် တမူ ကွဲပြားခဲ့သည်။ သူသည် သင်္ကေတများ သုံးရသည်ကို နှစ်သက်လှသော ကြောင့် သူ့နာမည်ကြားတွင် မလိုအပ်ပါဘဲ colon တစ်ခု ထည့်သုံး၍ Ben: Jonson ဟု စာလုံးပေါင်းခဲ့သည်။

ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများ စတင်ပေါ်ပေါက်ခဲ့သည့် အဓိက အကြောင်းရင်းမှာ စာဖတ်ရှုရာတွင် အထောက်အကူဖြစ်ရန်ပင်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာ သုံးရာကာလအထိ လူအတော်များများ စာမတတ်မြောက်ခဲ့ကြသေးချေ။ ထို့ကြောင့် စာဖတ်တတ်သူ အနည်း အပါးက စာမဖတ်တတ်သူ အများစုကို စာဖတ်ပြရလေ့ရှိသည်။

ထို အသံထွက်ဖတ်ရသူတို့ကို အထောက်အကူပြုရန်အတွက် လက်ရေးစာမျက်နှာများတွင် point ပုဒ်ရပ်၊ သင်္ကေတများ ဖြည့်စွက် ခဲ့ကြသည်။ အင်္ဂလိပ်စကား Punctuation (ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတ)

mgyoe.com

mgyoe.com

ဟူသောစကားသည် လက်တင်ဘာသာစကား punctus-points (အစက်၊ အမှတ်)ဟု အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်ရှိသော စကားလုံးမှ ဆင်းသက်လာသည်။ ဤ points များသည် စာဖတ်သူအား မည်သည့် အချိန်တန့် သို့မဟုတ် နား သို့မဟုတ် လေသံမြှင့်ရန် သို့မဟုတ် နှိမ့်ရန် ညွှန်ပြခဲ့သည်။

ဥရောပတိုက်တွင်မူ အေဒီရာစုနှစ် စောစောပိုင်းကာလကတည်းကပင် ပုဒ်ရပ်သင်္ကေတများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ သို့တိုင်အောင် တစ်မျိုးတည်းသော သင်္ကေတကိုပင် တစ်ဦးနှင့်တစ်ဦး အနက်ဖွင့်ဆိုပုံခြင်း မတူညီခဲ့ချေ။ ၁၅ ရာစုနှစ်တွင် ပုံနှိပ်စက်ကို တီထွင်ဖြစ်သောအခါတွင် ပုံနှိပ်သမားများသည် လူတိုင်း သင်္ကေတများကို တစ်ပြေးညီ သုံးစွဲနိုင်စေရန် လမ်းညွှန်ချက်များ လိုအပ်ခဲ့သည်။ ထိုကာလမှ စတင်၍ ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတ စည်းမျဉ်းပေါင်းစုံကို တီထွင်၊ ပြုစု၊ သုံးစွဲလာခဲ့ကြသည်။ ကောင်းခြင်း၊ မကောင်းခြင်းနှင့် ပတ်သက်၍ စောဒကတတက် ငြင်းခုန်လာခဲ့ကြသည်။

ထိုကိစ္စကား ယခုတိုင်လည်း မပြီးပြတ်သေးချေ။ ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတ အသစ်အသစ်တို့သည် အချိန်နှင့်အမျှ ဆက်လက် ပေါ်ပေါက်နေသည်။ တွေ့မြင်ဖူးသမျှ သို့မဟုတ် စာရိုက်သည့်အခါတွင် အသုံးပြုနေကြသော သင်္ကေတလေးများကို စဉ်းစားကြည့်ပါ။

ဤတွင် ဖော်ပြထားသည့် သင်္ကေတကို မြင်ဖူးပါသလား။

[?] ဤ ပုဒ်ရပ်သင်္ကေတကို (အာမေဋိတ် + မေးခွန်း ပုဒ်ရပ်သင်္ကေတ)ဟု ခေါ်ဆိုသည်။ ဤသင်္ကေတကို ၁၉၆၂ ခုနှစ်တွင် မာတင်စပက်တာဆိုသူ တီထွင်ခဲ့သည်။

တအံ့တဩလည်းဖြစ်၊ မေးမြန်းစူးစမ်းမှုလည်း တစ်ပြိုင်နက်တည်းပြချင်သည့်သဘောကို ဖော်ပြသော သင်္ကေတဖြစ်သည်။

ကာတွန်းဆရာများအတွက် အလွန်သင့်တော်သော သင်္ကေတဖြစ်နိုင်သည်မှာ အမှန်ပင်။

mgyoe.com

mgyoe.com

ထို့အပြင် Question - comma (?,) သို့မဟုတ် exclamation-comma (!,) သင်္ကေတများလည်း ရှိသည်။ ဝါကျတစ်ခု အလယ်တစ်နည်း စကားပြောရင်းတန်းလန်း မေးမြန်းခြင်းပြုလို သည့်သဘော သို့မဟုတ် တအံ့တသြ ဖြစ်မိသည့်သဘောကို ဖော်ကျူးပြသရန် အသုံးပြုသော သင်္ကေတများဖြစ်သည်။ ဤသင်္ကေတများကို ၁၉၉၂ ခုနှစ်တွင် လီယိုနတ်စတော့ခ်၊ အားနပ်စ်ဗန်ဟာဂန်နှင့် ဆစ်ခ်မွန်ဆီလ်ဘာဆိုသူတို့က တီထွင်၍ မူပိုင်ပြုလုပ်ထားသော သင်္ကေတဖြစ်သည်။

စာစီစာရိုက်သမားများက မျက်တောင်တစ်ခုဟု ခေါ်ဆိုလေ့ရှိသော apostrophe ကို အင်္ဂလိပ်ဘာသာစကားတွင် အချက်နှစ်ချက်အတွက် အသုံးပြုသည်။ တစ်ခုမှာ စာလုံး သို့မဟုတ် စကားလုံးများ ပလပ်ထားသည်ကို ပြသရန်၊ ဥပမာ - (Ursula's umbrella ယူဆလာ၏ ထီးကဲ့သို့သော စကားတွင်) ပိုင်ဆိုင်မှုကို ပြသရန် 's ဖြင့် သုံးလေ့ရှိသည်။

Apostrophe သည် ခေါ်မစကားလုံးဖြစ်သည်။ ရှေးခေတ်ခေါ်မပြဇာတ်တွင် ဇာတ်မင်းသားက ပရိသတ်မှ တစ်ဘက်သို့လှည့်၍ ထိုနေရာတွင်မရှိသူကို ညွှန်းဆိုစကား ပြောဆိုသည်ကို 'apostrophe' ဟု ခေါ်ဆိုခဲ့သည်။ ထိုစကားလုံးသည် ပျောက်ကွယ်နေသော အရာတစ်ခုကို ကိုယ်စားရပ်တည်နေသည့် အဓိပ္ပာယ်မျိုး သက်ဝင်လာခဲ့သည်။ Apostrophe ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မျက်မှောက်စကားပြောဟန်ကို ရေးသားရာတွင် ယင်းကို ချန်လှပ်ထား၍ မရသလို ပိုင်ဆိုင်မှုကို ရည်ညွှန်းရာတွင် တိုတိုနှင့် ထိထိမိမိရှိသည်ကို ငြင်းပယ်၍မရချေ။

စာစီစာရိုက်သမားများက မျက်တောင်နှစ်ခုဟု ဆိုညွှန်းသော Speech-marks (စကားပြောသင်္ကေတများ) သို့မဟုတ် quotation-marks (အဆိုအမိန့်သင်္ကေတများ)တို့ကို တစ်စုံတစ်ဦး စကားပြောဆိုနေကြောင်း ဖော်ကျူးလိုသည့်အခါတွင် အသုံးပြုသည်။ မျက်မှောက်ကာလအင်္ဂလိပ်ဘာသာစကားများတွင် ရှိနေသော သင်္ကေတများကို ၁၈ ရာစုနှစ်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့ကြသည်။ ထိုကာလ

mgyoe.com

mgyoe.com

မတိုင်ခင်ကမူ ဝါကျတစ်ခုကို ရေးသားပုံပေါ်မူတည်၍ ထိုဝါကျသည် စကားဖြစ်ကြောင်း၊ တစ်ဘက်လူက သဘောပေါက်ခဲ့ရသည်။ တစ်ခါတစ်ရံတွင်မူ စကားပြောဝါကျကို အောက်ခံမျဉ်းသားလေ့ရှိခဲ့သည်။

မျက်မှောက်ကာလ - အထူးသဖြင့် နိုင်ငံတကာအဆင့် ဆက်သွယ်ပြောဆို လုပ်ကိုင်နေရသူများသည် အင်္ဂလိပ်ဗျည်းအက္ခရာများပင်ဖြစ်သည့်တိုင်အောင် အနေအထားခြားနားနေသည့် စာလုံးများကို တွေ့နိုင်ကြသည်။ ဥပမာ - MOSKABA (ရုရှားစကားလုံး)၊ ZLUEITE VERSUCH (ဂျာမန်စကားလုံး)၊ LES CHEVALIERS (ပြင်သစ်စကားလုံး)တို့သည် အင်္ဂလိပ်ဗျည်းများဖြင့်ပင် ပေါင်းထားပုံပေါက်သော်လည်း အင်္ဂလိပ်စကား မဟုတ်သလို အင်္ဂလိပ်စာကဲ့သို့ အသံထွက်၍ မရချေ။ တစ်သွင်တည်းပင်ရှိသော ဗျည်းအက္ခရာ ပုဒ်ရပ်၊ ပုဒ်ဖြတ် သင်္ကေတများကို ခြားနားသော လူမျိုးများက ခြားနားသော အနက်အဓိပ္ပာယ်များဖြင့် အသုံးပြုကြသည်။ ကွန်ပျူတာတွင်ရှိသော fonts များကို ကြည့်ပါလျှင် တစ်ချိန်တစ်ခါမျှ မတွေ့မကြုံဘူးသော (အခြားဘာသာစကားများမှ) သင်္ကေတများကို တွေ့ရှိနိုင်သည်။ ဤဝါကျကို နမူနာအဖြစ်ကြည့်ပါ။

«¿	«¿ But how much is that doggie in the window?» demanded Claudine.

ဝါကျ၏ အစတွင်ရော အဆုံးတွင်ပါ မေးခွန်းသင်္ကေတများ ပါရှိသည်ကို တွေ့ရပေမည်။ ထို့မျှသာမကသေး၊ ဝါကျအစမှ မေးခွန်းသင်္ကေတမှာ ပြောင်းပြန်ဖြစ်နေသည်။ စပိန်ဘာသာစကားဖြင့် ရိုက်နှိပ်ထားသော စာအုပ်တစ်အုပ်ကို ကြည့်ရှုလျှင် ထိုကဲ့သို့ သင်္ကေတမျိုးများကို တွေ့ရမည်။

အာရဗီဘာသာစကားဖြင့် ရိုက်နှိပ်ထားသော စာအုပ်ကို ကြည့်လျှင်မူ အင်္ဂလိပ်ဘာသာစကားသုံး မေးခွန်းသင်္ကေတကိုပင် တွေ့မည်ဖြစ်သော်လည်း ထိုသင်္ကေတကို ပြောင်းပြန်လှည့်နေသည်ကိုလည်း

mgyoe.com

ကောင်း၊ ဝါကျအစတွင် ဖြစ်နေသည်ကိုလည်းကောင်း တွေ့ရပေမည်။ ဂရိစာအုပ်တွင်မူ လုံးဝခြားနားသော သင်္ကေတတစ်မျိုး၊ အင်္ဂလိပ်ဘာသာစကားတွင် semicolon ဟုခေါ်ဆိုသော သင်္ကေတကို မေးခွန်းသင်္ကေတအဖြစ် အသုံးပြုထားသည်ကို တွေ့ရမည်။ သျှာဘာသာသုံး << >> လက္ခဏာသင်္ကေတမျိုးများကိုမူ ဖင်လန်ဘာသာစကားနှင့် ဒတ်ချ်ဘာသာစကားတို့တွင် တွေ့ရသည်။

ပုဒ်ထီး၊ ပုဒ်လတ်၊ ပုဒ်မ ဟုပင် ဆိုရမည့် comma, colon, နှင့် period (full stop) သင်္ကေတသုံးမျိုးစလုံးကို ဘိုင်ဇင်တီယမ်မြို့မှ စာကြည့်တိုက်မှူး ခေါမသား အာရစ်တိုပိန်းက အမည်ပေးခဲ့သည်။ ထိုသင်္ကေတများအား စာဖတ်သူထံ သတင်းစကားပါးသည့် စာမျက်နှာအဆုံးတွင် အသုံးပြုခဲ့သည်။

comma သည် ခေတ္တရပ်တန့်သည့် သဘောသက်ရောက်သည်။ comma သည် ခေါမဘာသာစကား အစပြတ်သည်ဟူသော အနက်အဓိပ္ပာယ်ဆောင်သည်။

colon သည် အလယ်အလတ် စာတန့်သောသဘော သက်ရောက်သည်။ colon သည် ခေါမဘာသာစကားဖြင့် (သစ်ကိုင်း) တစ်ခု သို့မဟုတ် ကဗျာစာတစ်ပိုဒ်ဟု အနက်ဆောင်သည်။

period သည် ရှည်ကြာစွာ ရပ်တန့်ခြင်းဟု အဓိပ္ပာယ်ဆောင်သည်။ full stop သည် အပြည့်အဝတန့်ခြင်း ဖြစ်သည်။ period သည် ခေါမဘာသာစကားတွင် ကွေ့ဝိုက်သွားနည်းဟု အနက်အဓိပ္ပာယ်ဆောင်သည်။

! ဤသင်္ကေတကို မျက်မှောက်ကာလတွင် Exclamation mark အာမေဋိတ်သင်္ကေတဟု ဆိုညွှန်းအသုံးပြုကြသည်။ သို့သော် ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတများ၏ ခေတ်ဦးကာလတွင် ဤသင်္ကေတကို full stop အထက်တွင် တွေ့ပါက တန့်ရန်အဓိပ္ပာယ် သက်ရောက်ခဲ့သည်။

အချို့ကမူ ထိုသင်္ကေတ အမှတ်အသားသည် ရှေးခေါမ အက္ခရာ

mgyoe.com

mgyoe.com

IO (ဘုရားရေ သို့မဟုတ် ဗုဒ္ဓေါဟု အနက်အဓိပ္ပာယ် ဆောင်သည်)၏ O (အို)အထက်သို့ I (အိုင်)ရောက်သွားခြင်း ဖြစ်သည်ဟုဆိုသည်။ မျက်မှောက်ကာလ အသုံးပြုနေသော အာမေဍိတ် သင်္ကေတသည် ပုံနှိပ်စက်ပေါ်ပြီးမှ ဆက်လက်မွမ်းမံအသုံးပြုလာချက် ဖြစ်သည်။

အလယ်ခေတ်ကာလတွင် full stop အထက်တွင် တွန့်တက်သွားသောမျဉ်းကို သင်္ကေတအဖြစ် အသုံးပြုလေ့ရှိသည်။ ဝါကျ အဆုံးတွင် ပြောဆိုသူ၏ အသံမြှင့်ရန် လိုအပ်သည်ဟု ညွှန်းဆိုသည့်သဘောပင် ဖြစ်သည်။ ၁၇ ရာစု အဆုံးလောက်တွင်မှ ထိုသင်္ကေတသည် ယခုခေတ် မေးခွန်းသင်္ကေတအသွင် ပေါက်လာသည်။ ထိုသင်္ကေတမှာမူ လက်တင်ဘာသာ quaestio - question (မေးခွန်း)မှ Q ကို အသွင်ပြောင်းချက် ဖြစ်နိုင်သည်။

ရှေ့တွင် ပုဒ်ရပ်သင်္ကေတများကို အလေးမထား၍ရသည်။ အလေးမထားသော စာရေးဆရာများရှိသည်ဟု ဆိုညွှန်းသော စကားများကို ပြောခဲ့ပြီးမှ သင်္ကေတများအကြောင်း အကျယ်တဝင့် ပြောပြနေသည်ကို 'ဘာလုပ်တာလဲ' ဟု စောဒကတက်ချင်စရာ ဖြစ်နိုင်ကောင်းသည်။

အောက်ပါ ဝါကျကို ကြည့်ပါ -

HALF AN HOUR BEFORE BEHEADED SIR WALTER WAS WALKING AROUND.

ထိုဝါကျကို အရှိအတိုင်း ဘာသာပြန်ဆိုလျှင် အောက်ပါ အတိုင်း ဖြစ်သည်။

ခေါင်းဖြတ်မခံရခင် နာရီဝက်အတွင်း ဆာဝေါလ်တာသည် ဟိုဒီလမ်းလျှောက်နေခဲ့သည်။

သို့မဟုတ်

ခေါင်းပြတ်နေသော ဆာဝေါလ်တာသည် လွန်ခဲ့သော နာရီဝက်က ဟိုဒီလမ်းလျှောက်နေခဲ့သည်။

တစ်နည်းပြောရလျှင် အဓိပ္ပာယ်နှစ်မျိုးထွက်၊ သို့လော သို့လော

mgyoe.com

mgyoe.com

ဖြစ်စရာ စကားဖြစ်နေသည်။ မိမိသည် သာမန်ဖြစ်ရပ်တစ်ခုကို ဖော်ပြနေသည့်ဝါကျကို ဖတ်နေသည်လား၊ စုန်းကဝေအကြောင်း သရုပ်ဖော်သော ဂမ္ဘီရဝတ္ထုမှ ဝါကျတစ်ကြောင်းကို ဖတ်နေသည်လား မသေချာနိုင်ချေ။

ဤဝါကျတွင် ပုဒ်ဖြတ်၊ ပုဒ်ရပ် comma သင်္ကေတတစ်ခုမျှ မပါရှိချေ။

HALF AN HOUR BEFORE, BE HEADED SIR WALTER WAS WALKING AROUND.

ဤသို့ဆိုလျှင် အဓိပ္ပာယ်က ဤသို့ဖြစ်မည်။

ခေါင်းပြတ်နေသော ဆာဝေါလ်တာသည် လွန်ခဲ့သော နာရီဝက်က ဟိုဒီလမ်းလျှောက်နေခဲ့သည်။

နောက်တစ်ကြိမ် အောက်ပါအတိုင်း ပုဒ်ဖြတ် comma ထည့်ကြည့်ပါ။

HALF AN HOUR BEFORE BE HEADED, SIR WALTER WAS WALKING AROUND.

ထိုသို့ comma ကို နောက်တစ်နေရာ ရွှေ့လိုက်လျှင် အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ခေါင်းဖြတ်မခံရခင် နာရီဝက်တွင် ဆာဝေါလ်တာသည် ဟိုဒီလမ်းလျှောက်နေခဲ့သည်။

ထိုသို့ comma ပုဒ်ရပ်များ သုံးခြင်းကြောင့် မသုံးခင်က အဓိပ္ပာယ်နှစ်ခုထွက်နေသော ဝါကျသည် comma ထည့်သည့် နေရာပေါ်တွင်မူတည်၍ အဓိပ္ပာယ်တစ်မျိုး ပီပီပြင်ပြင်ထွက်သွားသည်။

ထို comma သည် မှန်နေသော ဝါကျကိုပင် အောက်ပါအသွင်များအတိုင်း ရေးသားလိုက်လျှင် သဘောသဘာဝအမျိုးမျိုး ပြောင်းသွားကြသည်ကို တွေ့ရသည်။

HALF AN HOUR BEFORE BE HEADED, SIR WALTER WAS WALKING AROUND!

mgyoe.com

mg

Exclamation အာမေဋိတ်သင်္ကေတကို အသုံးပြုထားသောကြောင့် အသတ်မခံရခင် နာရီဝက်လောက်အလိုတွင် ဟိုဒီလျှောက်သွားနေခဲ့သော ဆာဝေါလ်တာ၏သတ္တိကို အံ့သြသည့်သဘော သက်ရောက်သွားသည်။

HALF AN HOUR BEFORE BE HEADED, SIR WALTER WAS WALKING AROUND?

Question Mark မေးခွန်းသင်္ကေတကို အသုံးပြုထားသောကြောင့် အသတ်မခံရခင် နာရီဝက်လောက်အလိုတွင် ဆာဝေါလ်တာ ဟိုဒီလျှောက်သွားနေခဲ့သည်ကို သံသယဖြစ်သည့်သဘော၊ သူ့သတ္တိကို ဒွိဟဖြစ်သည့်သဘောများ ပါရှိသွားပြန်သည်။

HALF AN HOUR BEFORE BE HEADED, SIR WALTER WAS WALKING AROUND?

Question Mark မေးခွန်းသင်္ကေတကို အသုံးပြုထားသောကြောင့် အသတ်မခံရခင် နာရီဝက်လောက် အလိုတွင် ဆာဝေါလ်တာ ဟိုဒီလျှောက်သွားနေခဲ့သည်ကို မယုံဝံ့ဝံ့နှင့် တအံ့တသြ စောဒကတက်စူးစမ်းသည့် သဘောသက်ရောက်သွားသည်။

ဤမျှဆိုလျှင် ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတများ အသုံးမပြုသောဝါကျသည် အသက်မဲ့ဝါကျအသွင်ဆောင်ပြီး ပုဒ်ဖြတ်၊ ပုဒ်ရပ်များက ဝါကျကို အသက်သွင်းပေးသည်ဆိုသည့် သဘာဝတို့ ထင်ရှားမည်ဟု ထင်ပါသည်။ တစ်နည်းပြောရလျှင် ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတတို့သည် မိမိရင်တွင်းမှ ခံစားချက်ကို စာရွက်ပေါ်မှတစ်ဆင့် တစ်ဘက်သူထံ ဆက်သွယ်ပေးပို့နိုင်စေသည့် ဆက်သွယ်ရေးကိရိယာများပင် ဖြစ်သည်။ ထို့ကြောင့် တစ်ဘက်လူနှင့် ထိထိမိမိ ဆက်သွယ်မှုပြုလိုပါလျှင် ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတများကို လျစ်လျူရှု၍ မရချေ။

အထူးသဖြင့် အလုပ်လျှောက်လွှာ သို့မဟုတ် လုပ်ငန်းခွင် အစီရင်ခံစာတို့တွင် ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများ အထားအသိုမမှန်လျှင်

mgyoe.com

mgyoe.com

သို့မဟုတ် ကင်းမဲ့နေလျှင် အစီရင်ခံစာဖတ်ရသော တစ်ဘက်လူသည် တင်ပြထားသည့် အကြောင်းရပ်များတွင် တောင်မသိ၊ မြောက်မသိ ပတ်ချာလည်နေပေလိမ့်မည်။ အစီရင်ခံစာ ရေးသူအနေနှင့်လည်း အမှတ်အဆင့် ကျကိန်းဆိုက်နိုင်သည်။ ပန်းထိမ်မတတ်ခင် ရွှေခိုးချင်လို့ မရသလိုပင် အင်္ဂလိပ်စာကို တစ်ဘက်ကမ်းခတ် ကျွမ်းကျင်ပြီးခါမှ ရှေ့တွင်ဖော်ပြခဲ့သော အင်္ဂလိပ်စာရေးဆရာကြီးများကဲ့သို့ ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများ ကို လျစ်လျူရှုသင့်ပေသည်ဟုသာ အင်္ဂလိပ်စာ လေ့လာသည့်အခါများတွင် ထိုပုဒ်ဖြတ်သင်္ကေတများကို အရေးထား လေ့မရှိသော အင်္ဂလိပ်စာ လေ့လာသူများကို ပြောကြားလိုပါသည်။

■

mgyoe.com

mgyoe.com

အခန်း (၃)
အနက်ထွေပြားတတ်သော ဝါကျများ

ရှေ့မှ ဆန်အိတ်ထမ်းသွားနေသော ဗမာကို နောက်မှလိုက်လာသော ရှမ်းက လှမ်းအော်ပြောလိုက်သည်။ "ဟေ့ ဗမာလူ၊ ဆင်အီးပေါက်နေတယ်" ရှေ့က ပုဂ္ဂိုလ်၏ ဆန်အိတ်ပေါက်နေ၍ ဆန်အိတ်ပေါက်နေသည်ကို ရှမ်းသံဝဲဝဲဖြင့် လှမ်းပြောလိုက်သည်။ "ဆင်အီးပေါက်နေတယ်" ဖြစ်သွားသည်။

တောလမ်းခရီးတွင် ဆင်အီးပေါက်သည်ကို ကြားရသည်ဆိုမှ ဆင်နှင့် မတရားနီးကပ်နေပြီဟု ဗမာက တွက်ဆမိပြီး နောက်ပြန် လှည့်မကြည့်ဘဲ တစ်ချိုးတည်းပြေးသည်။ ရှမ်းကလည်း တွေးသည်။ ဗမာသည် ငါမမြင်သောအန္တရာယ်ကို တွေ့၍ပြေးသည်။ ငါလည်း အန္တရာယ်ကင်းအောင် ပြေးမှဟုတွေး၍ လိုက်ပြေးသည်။ သို့ဖြင့် နှစ်ယောက်စလုံး ဖတ်ဖတ်မောသွားသည်။

တစ်မြေတည်းနေ တစ်ရေတည်းသောက်သူ အချင်းချင်းပင် ထိုသို့ လေယူလေသိမ်း ကွာခြားမှုများကြောင့် ပြဿနာတက်ကြရလေ့ရှိရာ တိုင်းတစ်ပါးဘာသာစကားနှင့် ပတ်သက်လာလျှင် ဘာသာပြန်သောအခါတွင်

mgyoe.com

mgyoe.com

ကြုံတွေ့ရသော အခက်အခဲများကား ဆိုဘွယ်ရာ မရှိချေ။

ပိုလန်နိုင်ငံ ဆိုဗီယက်လက်အောက်တွင် ရှိနေဆဲကာလဖြစ်သည်။ အမေရိကန်သမ္မတ ဂျင်မီကာတာ အလည်အပတ်ရောက်ခဲ့သည်။ ဝါဆောလေဆိပ်သို့ ရောက်ရောက်ချင်းမှာပင် မိန့်ခွန်းခြွေသည်။ ထိုမိန့်ခွန်းတွင် 'I have a deep affection for the Polish people' (ပိုလန်လူမျိုးတွေကို ကျွန်တော် လှိုက်လှိုက်လှဲလှဲ မေတ္တာထားပါတယ်။ သို့မဟုတ် လေးလေးနက်နက် စေတနာမေတ္တာထားပါတယ်။ သံယောဇဉ်ရှိပါတယ်။) ဟူသော ဝါကျတစ်ကြောင်း ပါရှိခဲ့သည်။ ပိုလန်ဘာသာစကားသို့ ပြန်ဆိုသော စကားပြန်ဆရာက ထိုစာကြောင်းကို 'ကျွန်တော် ပိုလန်လူမျိုးတွေကို တပ်မက်ပါတယ်' ဟု ဘာသာပြန်လိုက်၏။

ချက်ပလက်ကားကုမ္ပဏီသည် တောင်အမေရိကတိုက်တွင် Nova မိုဒယ်လ် ကားအသစ်များရောင်းချရန် ကြော်ငြာခဲ့သည်။ သို့သော် ထင်သလောက် အလုပ်မဖြစ်ဘဲ အရောင်းထိုင်းနေခဲ့သည်။ အတန်ကြာမှ တစ်စုံတစ်ယောက်က ချွတ်ယွင်းချက်ကို ထောက်ပြခဲ့သည်။ အင်္ဂလိပ်ဘာသာစကားဖြင့် တောက်ပသော ကြယ်တာရာဟု အဓိပ္ပာယ်ရသော Nova သည် တောင်အမေရိကတိုက်တွင် တွင်ကျယ်သော စပိန်ဘာသာစကားနှင့်မူ No va - အလုပ်မဖြစ်ဟု အဓိပ္ပာယ်ရသောစကားလုံး ဖြစ်နေခဲ့သည်။

Braniff လေကြောင်းကုမ္ပဏီသည်လည်း စပိန်ဘာသာစကားဖြင့် ကြော်ငြာတစ်ခု ပြေးရာတွင် ပြဿနာတက်ခဲ့ရသည်။ ဘရန်နစ်ဖ် လေကြောင်းကုမ္ပဏီ၏ လေယာဉ်ပျံများတွင် သက်သောင့်သက်သာ ရှိလှသော သားရေထိုင်ခုံအသစ်များ တပ်ဆင်ထားကြောင်း ဖော်ပြလို၍ Sentado in cuero ဟု ခေါင်းကြီးဖြင့် ကြော်ငြာခဲ့သည်။ Sentado in cuero ၏ အဓိပ္ပာယ်မှာ Seats of leather (သားရေထိုင်ခုံများ)ဟု ထင်ခဲ့သည်။ သို့သော် စပိန်ကပြားအများစုက Sentado en(in) cuero အား Sit naked (ကိုယ်လုံးတီးထိုင်)ဟူသော ဘန်းစကားအဖြစ် ယူမှတ်

mgyoe.com

mgy

ကြကြောင်း ဘရန်နစ်ဖ်ကုမ္ပဏီက မသိခဲ့ချေ။

နော်ဝေနိုင်ငံ ကော့တေးလ် အရက်ခန်းမတွင်မူ အောက်ပါ ဆိုင်းဘုတ်ချိတ်ဆွဲထားခဲ့ဖူးသည်။

Ladies are requested not to have children in the bar.

ဆိုလိုရင်းမှာ 'အမျိုးသမီးများ ဘားခန်းအတွင်းသို့ ကလေးများ ခေါ်ဆောင်မလာရ' ဖြစ်သည်။ သို့သော် ရေးသားသည့်အတိုင်း ဆိုလျှင် 'အမျိုးသမီးများအား ဘားခန်းတွင် ကလေးမမွေးရန် ပန်ကြားပါသည်'ဟု အဓိပ္ပာယ်ပေါက်နေခဲ့သည်။ အမှန်မှာ 'Ladies are not requested not to bring children in the bar' ဟု ဖြစ်သင့်သည်။

ဒိန်းမတ်လေဆိပ်တစ်ခုတွင်မူ အောက်ပါ ဆိုင်းဘုတ်ရှိခဲ့ဖူးသည်။

We take your bags and send them in all directions.

ထိုဆိုင်းဘုတ်သည် 'သင်တို့၏ ခရီးဆောင်အိတ်များကို (ကျွန်တော်တို့)ယူဆောင်၍ အရပ်ရပ်သို့ ပို့ပစ်လိုက်သည်'ဟု အဓိပ္ပာယ်ဆောင်ခဲ့သည်။ ဆိုလိုရင်းမှာ 'ခရီးဆောင်အိတ်များအား ရောက်စေလိုသည့် မည်သည့်အရပ်သို့မဆို ပို့ဆောင်ပေးသည်'ဟု ဖြစ်သည်။ သို့သော် We take your bag and send them to all direction ဟု to သုံးရမည့်အစား in ကို သုံးမိခဲ့သောကြောင့် တမင်တကာ ရည်ရွယ်ပို့သည်ဟု အဓိပ္ပာယ်ပျောက်ပြီး ကိုယ့်ဇာတ်ကိုယ်မနိုင် ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် သဘောဖြစ်သွားသည်။

ဂျပန်နိုင်ငံရှိ ဟိုတယ်တစ်ခုတွင် အောက်ပါအတိုင်း ဆိုင်းဘုတ်ချိတ်ဆွဲထားခဲ့ဖူးသည်။

Please take advantage of the chambermaid.

ဆိုလိုရင်းမှာ 'သန့်ရှင်းရေး အလုပ်သမကို ခေါ်ခိုင်းပါ' ဖြစ်သည်။ တစ်နည်းပြောရလျှင် အမှိုက်သရိုက်များ စုပုံမထားနဲ့။ ညစ်ပတ်မနေစေနဲ့။ အခန်းသန့်ရှင်းရေးအမျိုးသမီးကို အခွင့်အရေးယူပါ၊ ခေါ်ပါ၊ ခိုင်းကြ

mgyoe.com

mgyoe.com

ပါ ဖြစ်သည်။ သို့သော် take advantage ဟူသော စကားလုံးကြောင့် ထိုဆိုင်းဘုတ်၏ အဓိပ္ပာယ်သည် အခန်းသန့်ရှင်းရေး အလုပ်သမကို အခွင့်အရေးယူ၊ မဖွယ်မရာပြုပါဟု ဆိုညွှန်းနေသည့် အသွင်ပေါက်နေခဲ့သည်။

မျက်မှောက်ကာလတွင် ဘာသာပြန်သည်မှာ မခဲယဉ်းလှ၊ အဘိဓာန်ကောင်းကောင်းတစ်အုပ်ရှိလျှင် ဖြစ်ပါသည်ဟု ယူဆသူတို့ ပေါများသည့်ကာလတွင် ထိုအမှားမျိုးများသာမက ထိုအမှားထက် ဆိုးဝါးသည့်အမှားများ ကြုံနိုင်သည်။

စစ်အေးကာလ အမေရိကန်သား အတော်များများသည် ဆိုဗီယက်နိုင်ငံ၏ ခေါင်းဆောင် ခရုရှက်ကို အတော်လန့်ခဲ့သည်။ လန့်ခဲ့သည့် အကြောင်းတစ်ရပ်ကား ခရုရှက်၏ ကြိမ်းဝါးချက်တစ်ခုကို ဘာသာပြန်ဆရာ ဘာသာပြန်မှားခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ခရုရှက်သည် သူ၏မိန့်ခွန်းတစ်ခုတွင် ရုရှားနိုင်ငံသည် စီးပွားရေး ကဏ္ဍတွင် တစ်ဟုန်ထိုး တိုးတက်ပြီး အမေရိကန်နိုင်ငံကို ကျော်တက်သွားမည်ဖြစ်သောကြောင့် အမေရိကန်သားတို့သည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ကျော်တက်သွားသည့် ရုရှားနိုင်ငံ၏ ဖုန်လုံး၊ ဖုန်သိုက်၊ ဖုန်တောထဲ ဖုန်မှုန့်စား ကျန်ခဲ့မည်ဟုသဘော သက်ရောက်သော စကားကို ဆိုခဲ့သည်။ ဤရုရှားဘာသာဖြင့် မိန့်ခွန်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသော ဘာသာပြန်ဆရာက 'မင်းတို့ ဖုန်မှုန့် မြေကြီးစားစေရမည်'ဟု တိုက်ရိုက်ပြန်ဆိုလိုက်ရာ ခရုရှက်သည် အမေရိကန်နိုင်ငံကို ထောင်းထောင်းကြေ ဖျက်ဆီးပစ်ရန် ရည်ရွယ်သည်ဟု အမေရိကန်သားတို့ ယူဆကိန်းပေါက်သွားခဲ့သည်။

တစ်ခါက FAREASTERN ECONOMIC REVIEW မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးတစ်ခုတွင် မြန်မာပြည်မှ ကုမ္ပဏီတစ်ခု၏ ဆိုင်းဘုတ်ဓာတ်ပုံနှင့်တကွ ပါရှိခဲ့ဖူးသည်။ ကုမ္ပဏီအမည်မှာ CRONY ဖြစ်သည်။

CRONY ဟူသော စကားလုံးသည် သာမန်ကြည့်ပါလျှင်

mgyoe.com

mgyoe.com

အပေါင်းအသင်း၊ ရောင်းရင်း၊ သူငယ်ချင်း စသည့် အဓိပ္ပာယ်များ ရှိသည်။ Road သည် လမ်း၊ Street သည် လမ်းမကြီး၊ Avenue သည် သစ်ပင်ရိပ်တန်းနေသောလမ်း စသည်ဖြင့် စကားနက်အဓိပ္ပာယ် ပြန်ကြည့်သောအခါတွင် CRONY သည် ကြံဖော်ကြံဖက် Accomplic ကဲ့သို့ မဟုတ်ကဟုတ်က ပူးပေါင်းကြံစည်သည့်အရိပ် ပျပျရှိသည်။ လျှို့ဝှက် ကြံစည် ပူးပေါင်းလုပ်စားနေသူ တစ်စုဟူသော သဘာဝရှိသောကြောင့် ထိုမဂ္ဂဇင်းက ထိုအချက်ကို ထောက်ပြသရော်ခဲ့ခြင်းဖြစ်သည်။

မြန်မာစကားတွင်လည်းရှိ၊ အင်္ဂလိပ်စကားတွင်လည်းရှိပြီး အနက်ကောက်ယူပုံခြင်း မတူသောကြောင့် ထောက်စရာဖြစ်တတ်သည့် စကားတစ်လုံးမှာ ဂိုဏ်းဆိုသည့်စကားဖြစ်သည်။ ဂိုဏ်းကို မြန်မာစာ အဘိဓာန်က အဖွဲ့၊ အစု၊ အသင်းဟုသာ သာမန်အနက် ဖွင့်သည်။ ရွှေကျင်ဂိုဏ်းကဲ့သို့ ဘာသာရေးအဖွဲ့အစည်းတွင်လည်း ဂိုဏ်းဟူသော ဝိသေသသုံးကြသည်။ သို့သော် အင်္ဂလိပ်ဘာသာစကားတွင်လည်း gang ကို set of associates esp. for criminal purposes; set of workers, slaves or prisoners. ဟု အနက်ဖွင့်ဆိုထားသည်။ အဓိပ္ပာယ်တစ်ခုမှာ အပေါင်းအသင်းတစ်စု၊ အထူးသဖြင့် ရာဇဝတ်မှု ကျူးလွန်ရန် စုစည်းထားသော လူစုဖြစ်ပြီး နောက်အဓိပ္ပာယ်တစ်ခုမှာ အလုပ်သမား၊ ကျွန် သို့မဟုတ် အကျဉ်းသားတစ်စုဟု ဖြစ်သည်။ အယ်လ် ကပုန်းကဲ့သို့ ဒုစရိုက်ဘုရင် ကြီးများကို Gangster ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် တစ်ခါက ဘာသာပြန်ဆရာတစ်ဦးက နိုင်ငံရေးပါတီတစ်ခုကို ဂိုဏ်းဟု ဘာသာပြန်ဆိုလိုက်သည့် ကိစ္စကြောင့် ပြဿနာတက်ခဲ့ဖူးသည်။

အရှေ့တိုင်း၊ အနောက်တိုင်း ဘာသာတရားကြီးများ ပြဿနာ တက်ရာ အကြောင်းတစ်ရပ်မှာလည်း ဘုရားဟူသော စကားလုံးကို အနက်အဓိပ္ပာယ်ဖွင့်ပုံ ကွဲပြား၍ပင်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား တွင် God ကို အက္ခရာအကြီးနှင့် ပေါင်းလေ့ရှိသလို god အက္ခရာ အသေးနှင့်လည်း ပေါင်းလေ့ရှိသည်။ အက္ခရာကြီးနှင့် ပေါင်းသော God

mgyoe.com